**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**
**ကုန်သွယ်ရေးဦးစီးဌာန**

**ပို့ကုန်၊ သွင်းကုန်နှင့်ပတ်သက်သည့်သတင်းလွှာ**
**သတင်းလွှာ (၄ / ၂၀၂၂)**

ရက်စွဲ၊ ၂၀၂၂ ခုနှစ်၊ မတ်လ ၂၄ ရက်

အကြောင်းအရာ။ **Tradenet 2.0 စနစ်ဖြင့် ပို့ကုန်သွင်းကုန်လိုင်စင်/ပါမစ် လျှောက်ထားမှုများနှင့် စပ်လျဉ်း၍ လိုက်နာရမည့်သတ်မှတ်ချက်များအား ပြင်ဆင်ထုတ်ပြန်ခြင်း**

၁။ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်များအနေဖြင့် Tradenet 2.0 စနစ်တွင် လိုင်စင်နှင့်ပါမစ်များ လျှောက်ထားမှုနှင့်စပ်လျဉ်း၍ အောက်ပါလုပ်ငန်းစဉ်များအလိုက် သတ်မှတ်ထားသောကာလအတွင်း လိုက်နာဆောင်ရွက်နိုင်ရေး အသိပေးထုတ်ပြန်လိုက်သည်-

(က) သတင်းလွှာအမှတ် (၁၆/၂၀၂၁)ဖြင့် ထုတ်ပြန်ထားသော "အသစ်လျှောက်ထားသည့်လိုင်စင်နှင့် ပါမစ်များအား ဌာနမှခွင့်ပြုကြောင်း Approved ပေးပြီးသည့်နေ့မှ (၁၀)ရက်အတွင်း လုပ်ငန်းရှင်မှ အဆိုပါ လိုင်စင်/ ပါမစ်များအတွက် သတ်မှတ်လိုင်စင်ကြေး ပေးသွင်းခြင်းမပြုပါက စနစ်မှ Auto Cancel ပြုလုပ်မည့်ကိစ္စ"တွင် ယခင်သတ်မှတ်ချက် (၁၀)ရက်အစား (၇)ရက်ဟု ပြောင်းလဲပြင်ဆင်သွားမည်ဖြစ်သည်။

(ခ) လုပ်ငန်းရှင်များ၏ လိုင်စင်/ပါမစ်လျှောက်ထားမှုအပေါ် ဌာနမှစစ်ဆေးချက်အရ ပြင်ဆင်ရန်လိုအပ်ချက်ရှိခြင်း၊ စာရွက်စာတမ်းပြည့်စုံမှုမရှိခြင်းကြောင့် ပြင်ဆင်ဖြည့်စွက်ရန်လိုအပ်ချက်များကို Message ပေးပို့သည့်နေ့မှ (၇)ရက်အတွင်း လုပ်ငန်းရှင်ကပြင်ဆင်၍ ပြည့်စုံစွာပြန်လည်တင်ပြရန်နှင့် (၇)ရက်အတွင်း ပြန်လည်တင်ပြခြင်းမရှိပါက အဆိုပါလိုင်စင်/ပါမစ်များကို စနစ်မှ Auto Cancel ပြုလုပ်သွားမည်ဖြစ်သည်။

၂။ သို့ပါ၍ လုပ်ငန်းစဉ်များအလိုက် သတ်မှတ်ကာလ (၇)ရက်အတွင်း လုပ်ငန်းရှင်များမှ သတ်မှတ်လိုင်စင်ကြေးပေးသွင်းမှု သို့မဟုတ် လိုအပ်ချက်များအား ပြည့်စုံစွာ ပြင်ဆင်ဖြည့်စွက်မှုမရှိသည့် သွင်းကုန်၊ ပို့ကုန်လိုင်စင်လျှောက်ထားမှုများအား Tradenet 2.0 စနစ်တွင် Auto Cancel ပြုလုပ်သည့်လုပ်ငန်းစဉ်ကို ၂၀၂၂ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**ကုန်သွယ်ရေးဦးစီးဌာန**